ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၄၈/၂၀၁၆)

| | | |
|---|---|---|
| ဒေါ်သိန်းညွန့် (ပိုင်ရှင်)<br>Europe & Asia Commercial Co.,Ltd<br>အမှတ်(၂၅၀)၊ ဆိပ်ကမ်းသာလမ်း၊<br>စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်။ | } | လျှောက်ထားသူ |

နှင့်

| | | |
|---|---|---|
| ဦးအောင်နိုင်ထွေးပါ(၃၄)ဦး<br>အမှတ်(၂၁၀)၊ခိုင်သဇင်လမ်း၊ (၁၁)ရပ်ကွက်<br>လှိုင်သာယာမြို့နယ်။ | } | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၂၅ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၅၀)ရှိ ဦးစိန်မြင့် ပိုင်ဆိုင်သော Europe & Asia Commercial Co.,Ltd နှင့် အလုပ်သမား ဦးအောင်နိုင်ထွေးပါ (၃၄)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်သာယာမြို့နယ်

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၆၅/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဇွန် လ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ပယ်ခြင်းခံရသည့်အတွက် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁)ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်အမှတ် (၁)ပေါ် တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ လုပ်ခလစာတိုးတောင်း၍ အလုပ်ထုတ်ခံရခြင်း ဟုတ်၊ မဟုတ်၊ အလုပ်ထုတ်နစ်နာကြေး ပေးသင့်၊ မပေးသင့်၊ အလုပ်ပြန်ခန့်သင့်၊ မသင့်နှင့် ကြားကာလနစ်နာကြေး ပေးသင့်၊ မပေးသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးအောင်နိုင်ထွေး (လုပ်သားခေါင်းဆောင်)ပါ လုပ်သား (၃၄)ဦးအား ဆုံးဖြတ်ချက် ချသည့်နေ့မှ (၇)ရက်အတွင်း မူလရာထူး၊ မူလလုပ်ခနှုန်းဖြင့် ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးပေးရန်မလိုဟု ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၆၅/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ဒေါ်သိန်းညွန့် (ပိုင်ရှင်)၏ကိုယ်စား ဦးအာကာဇော် (Human Resources Manager) မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၄၈/၂၀၁၆) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရ

ကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးအောင်သန်း၊ အလုပ်ရှင် ကိုယ်စားလှယ် အဖွဲ့ဝင် ဦးထွန်းအေးနှင့် အလုပ်သမား ကိုယ်စားလှယ် အဖွဲ့ဝင် ဦးနေမင်း တို့ပါဝင်သည့် ခုံအဖွဲ့အား ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ လုပ်ခလစာတိုးတောင်း၍ အလုပ်ထုတ်ခံရခြင်း ဟုတ်၊ မဟုတ်၊ အလုပ်ထုတ်နစ်နာကြေး ပေးသင့်၊ မပေးသင့်၊ အလုပ်ပြန်ခန့်သင့်၊ မသင့်နှင့် ကြားကာလနစ်နာကြေး ပေးသင့်၊ မပေးသင့်။

၇။ လုပ်ခတိုးတောင်းရာမှ တိုးပေးခြင်း၊ မတိုးပေးခြင်း မဆုံးဖြတ်မီ အလုပ်သမားများက ၁၀-၅-၂၀၁၆ ရက်နေ့တွင် အလုပ်မဆင်းသကဲ့သို့ ၁၁-၅-၂၀၁၆ ရက်နေ့နှင့် ၁၂-၅-၂၀၁၆ ရက်နေ့များတွင် အလုပ်ဆင်းရန် ဆက်လက်ပျက်ကွက်ရာမှစ၍ ဤအမှုစတင်ဖြစ်ပွားခြင်းဖြစ်ပါသည်။

၈။ အလုပ်သမားများက ၁၀-၅-၂၀၁၆ ရက်နေ့တွင် အလုပ်ဆင်းသော်လည်း အလုပ်လုပ်ရမည့် နည်းစနစ်ပြောင်းသဖြင့် အလုပ်ဆက်မလုပ်ဖြစ်ကြောင်း၊ နည်းစနစ်သစ်ဖြင့် လုပ်ကိုင်စေမှုကို အလုပ်သမားအများစုက မကျေနပ်ကြသဖြင့် ထိုနေ့တွင် အလုပ်ဆက်မလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၁-၅-၂၀၁၆ ရက်နေ့နှင့် ၁၂-၅-၂၀၁၆ ရက်နေ့တွင် အလားတူမဆင်းဖြစ်ကြောင်း၊ ၁၃-၅-၂၀၁၆ ရက်နေ့တွင် အလုပ်ဆင်းသည့်အခါ လက်မခံသဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးသို့ တိုင်ကြားခဲ့ကြောင်း ထွက်ဆိုခဲ့ပါသည်။

၉။ အလုပ်ရှင်ဘက်မှ ထွက်ဆိုရာတွင် ၁၀-၅-၂၀၁၆ ရက်နေ့တွင် အလုပ်သမားများ အလုပ်မဆင်းခဲ့ကြောင်း၊ ၁၁-၅-၂၀၁၆ ရက်နေ့နှင့် ၁၂-၅-၂၀၁၆ ရက်နေ့များတွင်လည်း အလုပ်မလာကြောင်း၊ မိမိတို့အစီအစဉ်ဖြင့် လုပ်ငန်းရပ်ဆိုင်းသွားခြင်း မရှိရအောင် အလုပ်သမားရှာ၍ အလုပ်လုပ်ခဲ့ကြောင်း၊ ၁၃-၅-၂၀၁၆ ရက်နေ့တွင် အလုပ်လာဆင်းသည့် အလုပ်သမားအသစ်များဖြင့်

လုပ်ကိုင်နေပြီဖြစ်၍ ဦးအောင်နိုင်ထွေးပါ အလုပ်သမားများအား အလုပ်ပြန်ခန့်ပေးရန်မဖြစ်နိုင်ကြောင်း၊ ထိုအလုပ်သမားများမှာ အလုပ်သမားမှူးကခေါ်လာသည့် အလုပ်သမားများသာဖြစ်ကြောင်း ထွက်ဆိုခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၁၀။ အလုပ်သမားများ အလုပ်တက်မှုမပြုသည့်အကြောင်းရင်းမှာ ခိုင်မာမှုမရှိသော်လည်း အလုပ်မဆင်းသည့် (၃)ရက်မြောက်ပြီး၊ နောက်နေ့တွင်ပင် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးရုံးသို့ အခြေအနေကို တင်ပြခဲ့ခြင်းနှင့် လုပ်သက် (၄)နှစ်ကျော်မှ (၁၁)နှစ်ခန့်အထိ လုပ်ကိုင်ခဲ့သူများဖြစ်ခြင်းစသောအကြောင်းများကို ထောက်ထားသင့်ကြောင်း တွေ့ရှိရပါသည်။ ယင်းအလုပ်သမားများအလုပ်ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်းအားဖြင့် လက်ရှိလုပ်ကိုင်နေသည့် အလုပ်သမားများအတွက် အခက်အခဲမဖြစ်စေရန်နှင့် အလုပ်ရှင်မှလည်း အလုပ်သမားများအား အလုပ်ပြန်လည်လုပ်ကိုင်ခွင့်ပြုရာတွင် လိုအပ်သလိုချင့်ချိန်ဆောင်ရွက်နိုင်ရန် အချိန်ပေးရန်လိုအပ်ကြောင်း သုံးသပ်ရပါသည်။

၁၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ-၅၈ (၁)အရ ယခုအငြင်းပွားမှုဖြစ်ပွားသောသိုလှောင်ရုံသည် အလုပ်ရုံများအက်ဥပဒေနှင့် အကြုံးဝင်သော လုပ်ငန်းဖြစ်သဖြင့် အလုပ်သမားများမှာ Europe & Asia Commercial Co.,Ltd မှ အလုပ်သမားများဖြစ်ကြောင်း တွေ့ရှိရသည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့များတွင် ဦးစိန်မြင့်အား အလုပ်ရှင်အဖြစ်သတ်မှတ်၍ ဆောင်ရွက်ခဲ့သော်လည်း တင်ပြထားသောအထောက်အထားများအရ MD ဖြစ်သူမှာ ဒေါ်သိန်းညွန့်ဖြစ်ကြောင်း တွေ့ရှိရ၍ အလုပ်ရှင်အဖြစ် ဒေါ်သိန်းညွန့်ဟု ပြောင်းလဲဆောင်ရွက်ရန်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်လိုသော အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီသို့ အသိပေးအကြောင်းကြားရန်နှင့် အလုပ်လုပ်ကိုင်လိုသော အလုပ်သမားများအနက် လုပ်သက်ရင့်သူများအား ဦးစားပေး၍ မူလသိုလှောင်ရုံ သို့မဟုတ် ကုမ္ပဏီ၏

ရန်ကုန်မြို့ရှိ သိုလှောင်ရုံများတွင် အလုပ်ပြန်လည် လုပ်ကိုင်ခွင့်ပြု ရန်၊ ထို့ပြင် အလုပ်ပြန်လည် လုပ်ကိုင်ခွင့်ကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ (၄)လအတွင်း ခွင့်ပြုသွားရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဦးထွန်းအေး | ဦးအောင်သန်း | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |